


# လူထုသဘောထား စစ်တမ်း
# (ရေနံနှင့် သဘာဝဓာတ်ငွေ့)

campaign
BLOOD MONEY

## ရေနံနှင့် ဓာတ်ငွေ့ စစ်တမ်းရလဒ် နောက်ခံအကြောင်းအရာ


ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရရှိသော ဝင်ငွေများသည် နိုင်ငံခြားငွေကြေးအနေဖြင့် စစ်တပ် သို့ ရရှိနိုင်မည့်ဝင်ငွေများ ဖြစ်ပြီး ၂၀၂၁-၂၂ နှစ်ဘတ်ဂျက်လျာထားချက် အရ အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံခန့်လက်ခံရရှိနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် အဆိုပါငွေကြေးများကို ကောက်ခံမည်ဖြစ်ပြီး အာဏာသိမ်းစစ်တပ်မှ အစိုးရဌာနများကို ထိန်းချုပ် ထားပြီဖြစ်ရာ အဆိုပါနိုင်ငံခြားဝင်ငွေများသည်လည်း မြန်မာစစ်တပ်သို့ ရောက်ရှိသွားမည်ဖြစ်ပါသည်။ အဆိုပါငွေကြေးများကို မြန်မာစစ်တပ်အနေဖြင့် လက်နက်ခဲယမ်းများဝယ်ယူခြင်းနှင့် ပြည်သူလူထုအပေါ် အကြမ်းဖက်လုပ်ရပ်များ ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် အသုံးပြုမည် ဖြစ်ပါသည်။ ၎င်းအခြေအနေများကြောင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် အမျိုးသားညီညွတ်ရေး အစိုးရ (NUG) တို့မှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) အား အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန် တောင်းဆိုလျက်ရှိပါသည်။ သို့ရာတွင် ပြင်သစ်နိုင်ငံမှ Total ကဲ့သို့သော ကုမ္ပဏီကြီးများမှ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ ငွေကြေးပေးသွင်းမှုများ ရပ်တန့်လိုက်လျှင်၊ ၎င်းတို့အနေဖြင့် ရေနံထုတ်လုပ်မှုကို အတင်းအကြပ် ရပ်ဆိုင်းခြင်းခံရမည်ဖြစ်သောကြောင့် လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ ရှိလာမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။



“ကုမ္ပဏီအနေဖြင့် လူသန်းပေါင်းများစွာထံ လျှပ်စစ်ပေးဝေမှုကို ရပ်တန့်လိုက်ပါက ၎င်းတို့ နေ့စဉ်အသုံးပြုနေသော ဆေးရုံ နှင့် စီးပွားရေးလုပ်ငန်းများကို ပိတ်သိမ်းရသည်အထိ အကျိုးဆက်သက်ရောက်မှုများမဖြစ်နိုင်ဘူးလား ဒါသည်ပင်လျှင် ကျွန်ုပ်တို့၏ လူ့အခွင့်အရေးအပေါ် အကျပ်ရိုက်မှုလည်း ဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ စွမ်းအင် ရရှိသည့် လူသားတိုင်းအတွက် အခြေခံအခွင့်အရေးဖြစ်နေလို့ပါပဲ”


**ပက်ထရစ် ပူရမ်းနီ** CEO Total


# စစ်တမ်းရလဒ်





၁။ နိုင်ငံတကာကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံမှ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ရောင်းချခြင်းမှရရှိသော ငွေများကို MOGE၏ (စစ်တပ်ကလက်ရှိတွင်ထိန်းချုပ်ထားသော) ဘဏ်စာရင်းများထဲသို့ ပေးချေနေခြင်းများ ရပ်တန့်သင့်ပါသလား။

၂။ အဆိုပါ ဘဏ်စာရင်းများသို့ ငွေပေးချေမှုကို ရပ်တန့်ပါက သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုရပ်တန့်ပြီး ရန်ကုန်မြို့တွင်း လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်နိုင်ပါသည်။ နိုင်ငံတကာ ကုမ္ပဏီများသည် စစ်တပ်ထိန်းချုပ်ထားသော ဘဏ်စာရင်းများသို့ ငွေများ ပေးနေခြင်းကို ရပ်တန့်သင့်ပါသလား။





၃။ အဆိုပါ ဘဏ်စာရင်းများသို့ ငွေပေးချေမှုကို ရပ်တန့်ပါက သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုရပ်တန့်စေပြီး ရန်ကုန်မြို့တွင် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်စေနိုင်ပါကလည်း နိုင်ငံတကာကုမ္ပဏီများသည် စစ်တပ်ထိန်းချုပ်ထားသော ဘဏ်စာရင်းများသို့ ငွေများပေးချေခြင်းကို ရပ်တန့်သင့်ပါသလား။ (ရန်ကုန်)





၄။ အဆိုပါ ဘဏ်စာရင်းများသို့ ငွေပေးချေမှုကို ရပ်တန့်ပါက သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုရပ်တန့်စေပြီး ရန်ကုန်မြို့တွင် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်စေနိုင်ပါကလည်း နိုင်ငံတကာကုမ္ပဏီများသည် စစ်တပ်ထိန်းချုပ်ထားသော ဘဏ်စာရင်းများသို့ ငွေများပေးချေခြင်းကို ရပ်တန့်သင့်ပါသလား။ (အခြားတိုင်းနှင့်ပြည်နယ်များ)




၅။ ဓာတ်ငွေ့ရောင်းချခြင်းအတွက် မြန်မာနိုင်ငံမှ ရရှိသောငွေများကို စစ်တပ်မှ ရယူခွင့်မပေးဘဲ အထူးဘဏ်စာရင်းများ၌ ထည့်သွင်းထား ပြီး ဒီမိုကရေစီ အစိုးရတစ်ရပ် ပြန်လည်တည်ထောင်နိုင်ချိန်မှသာလျှင် ပြန်ပေးသင့်ပါသလား။


**ယခု စစ်တမ်းကောက်ယူမှုသည် မြန်မာနိုင်ငံရှိပြည်သူများ၏ ကိုယ်ပိုင်ထင်မြင်ချက်များ ကို ကောက်ယူခြင်းဖြစ်ပါသည်။ စစ်တမ်းရလဒ်အနေဖြင့် ၉၈ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် လျှပ်စစ်မီးမရရှိနိုင်သည့်တိုင်အောင် မြန်မာစစ်တပ်ကို ငွေကြေးပေးသွင်းမှုများရပ်တန့်ရန်လိုလားကြောင်းဖော်ပြထားသည်။ ဖြေဆိုသူထက်ဝက်မှာ ရန်ကုန်နေ ပြည်သူလူထုဖြစ်ပြီး Total ကုမ္ပဏီအနေဖြင့် လျှပ်စစ်ပေးဝေထားသည်**



**2.2 K ဆိုရှယ်မီဒီတွင်မျှဝေခြင်း**



**၁၁၅၄၁၂ ရက်တွင် ဖြေဆိုသူပေါင်း**




**၇၀၀ ကျော် ထင်မြင်သုံးသပ်ချက်များ**



## ဖြေဆိုသူ တစ်ဦး၏ ရေးသားချက် -

"ယခုအချိန်တွင် ကုမ္ပဏီများမှ အာဏာသိမ်းစစ်တပ်အား ငွေကြေးပေးသွင်းသည်ဖြစ်စေ၊ မပေးသွင်းသည်ဖြစ်စေ မိမိတို့အနေဖြင့် လျှပ်စစ် ပြတ်တောက်မှုများကို ကြုံတွေ့နေရပြီဖြစ်ပါသည်။ ထို့ကြောင့် သင်တို့ ကုမ္ပဏီများ အနေဖြင့် လူသားချင်းစာနာထောက်ထားပါသည်ဆိုသည့် ဆင်ခြေများပေးနေခြင်းကို ချက်ချင်းရပ်တန့်ရန်လိုအပ်ပါသည်။ သို့မဟုတ်လျှင် အာဏာသိမ်းစစ်တပ်နှင့် သိပ်ခြားနားမည်မဟုတ်ပါ"



"မြန်မာနိုင်ငံရှိ ပြည်သူလူထုများသည် လျှပ်စစ်ပြတ်တောက်မှုထက် အာဏာသိမ်းစစ်တပ်၏ လက်အောက်တွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများသည် ပိုမိုဆိုးရွားကြောင်း နားလည် ထားကြသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများမှ ပေးသွင်းလိုက်သော ဒေါ်လာတိုင်း သည် အာဏာသိမ်းစစ်တပ်အား အာဏာ ပိုမိုခိုင်မြဲစေရန် အထောက်အပံ့ ပေးနေပြီး ပြည်သူများအပေါ်နေ့စဉ်အသက်အန္တရာယ်ပိုမို ကြုံတွေ့လာမည်ဖြစ်ကြောင်း နားလည်ကြပါသည်။"